အားဟိုပါး ကျေးရွာ
ဟိုပန် မြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၈ – ၂၀၂၂)

ပြုစုရေးဆွဲသူ
ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
အားဟိုပါး ကျေးရွာ၊ ဟိုပန် မြို့နယ်
(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)
၂၀၁၈ ခုနှစ်၊ ဇွန် လ

မာတိကာ

စဉ်	အကြောင်းအရာ	
၁။	စကားချီး	၃
၂။	ကျေးရွာ သယံဇာတပြဓြေပုံ၊	၄
၃။	ကျေးရွာ ရာသီခွင်ပြ ပြကွဒိန်၊	၅
၄။	ကျေးရွာတွင်းနှင့်ကျေးရွာ ပြင်ပအဖွဲ့အစည်းများဆက်စပ်မှုပြပုံ၊	၆
အပိုင်း (က) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေး လုပ်ငန်းများ		
၁။	တည်နေရာနှင့် ပထဝီဝင် အနေအထား	၈
၂။	ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ	၈
၃။	လူဦးရေဆိုင်ရာ အချက်အလက်များ	၈
၄။	ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ	၈
၅။	စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ	၉
	(က) သီးနှံ စိုက်ပျိုးရေး	၉
	(ခ) မွေးမြူရေးလုပ်ငန်း	၉
	(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ	၉
	(ဃ) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု	၁၀
၆။	အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ	၁၀
	(က) ကျေးလက် သယ်ယူပို့ဆောင်ရေး	၁၀
	(ခ) ကျေးရွာ မီးလင်းရေး	၁၀
	(ဂ) သတင်းနှင့် ဆက်သွယ်ရေး	၁၀
၇။	ပညာရေး	၁၀
၈။	ကျန်းမာရေး	၁၀
၉။	ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး	၁၁
၁၀။	ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ	၁၁
၁၁။	ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး	၁၁
၁၂။	ကျေးရွာတည်ငြိမ်ရေးနှင့် ဘေးကင်းလုံခြုံရေး	၁၁
၁၃။	ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ	၁၁
အပိုင်း (ခ) စီမံချက်ဆိုင်ရာ အချက်အလက်		
	စီမံချက် အဆိုပြုလွှာ (၁)	၁၃
နောက်ဆက်တွဲ		
	နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း	၁၅
	နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ	၁၆
	နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား	၆၃

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၈ခုနှစ်မှ ၂၀၂၂ခုနှစ်အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်သည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူထုအများ စုပေါင်းပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသောကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံး လုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကိုအသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ နည်းပေးလမ်းပြကူညီပံ့ပိုးပေး၍ လိုအပ်သည်များကိုစီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်း အချက်အလက်ရရှိနိုင်သောနေရာများမှလည်းကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်းကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။


ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနစသည့် သက်ဆိုင်ရာဦးစီးဌာနအသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နှစ်စဉ်ဦးစားပေးစီမံချက်အဆိုပြုလွှာ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား စသည်တို့ကို အဓိကထား ဖော်ပြထားပါသည်။


ဇွန် လ၊ ၂၀၁၈

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
အားဟိုပါး ကျေးရွာ
ဟိုပန် မြို့နယ်


ဟိုပန် မြို့နယ်၊ အားဟိုပါး ကျေးရွာ သယံဇာတပြမြေပုံ



ဟိုပန် မြို့နယ်၊ အားဟိုပါး ကျေးရွာ ရာသီခွင်ပြ ပြက္ခဒိန်



ဟိုပန် မြို့နယ်၊ အားဟိုပါး ကျေးရွာ ကျေးရွာတွင်းနှင့် ကျေးရွာပြင်ပ ဆက်စပ်မှုပြပုံ



အပိုင်း (က)

ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့်

ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

အားဟိုပါးကျေးရွာသည် ရှမ်းပြည်နယ်မြောက်ပိုင်း၊ "ဝ"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဟိုပန်ခရိုင်၊ ဟိုပန်မြို့နယ်၊ ဆီပါကျိုင်းကျေးရွာအုပ်စုတွင်တည်ရှိပါသည်။ ဟိုပန်မြို့၏ အရှေ့တောင်ဘက်(၂၉)မိုင်အကွာတွင် တည်ရှိပါသည်။ ကျေးရွာ၏ မြောက်ဘက်တွင် နမ့်ပါချီးကျေးရွာ၊ တောင်ဘက်တွင် ဆီပါကျိုင်းကျေးရွာ၊ အရှေ့တောင်ဘက်တွင် ပန်လုံမြို့တည်ရှိပါသည်။ ကျေးရွာတွင်ကိုးကန့်လူမျိုးများအများဆုံးနေထိုင်ပြီး၊ "ဝ"လူမျိုးများလည်း အနည်းငယ်နေထိုင်ကြပါသည်။

၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

အားဟိုပါးကျေးရွာ၏ ရာသီဥတုမှာ စိုစွတ်အေးမြသော ရာသီဥတုဖြစ်ပါသည်။ နိဝင်ဘာလမှ ဖေဖော်ဝါရီလအထိ ချမ်းအေးသည့် ဆောင်ရာသီ၊ မတ်လမှ မေလအထိ ပူအိုက်သော ရာသီနှင့် ဇွန်လမှ အောက်တိုဘာလအထိ မိုးရွာသွန်းပါသည်။ မိုးရေချိန်သည် တစ်နှစ်ပတ်လုံး ပျှမ်းမျှ(၇၀ မှ ၁၀၀)လက်မ ရွာသွန်းပါသည်။ ပျှမ်းမျှ အပူချိန်အမြင့်ဆုံးမှာ (၃၅)ဒီဂရီစင်တီဂရိတ်ရှိပါသည်။ ကျေးရွာသည် နွေမိုး၊ဆောင်းရာသီဥတု(၃)မျိုးရရှိပါသည်။ ကျေးရွာသည် တောင်ပေါ်ဒေသတွင် တည်ရှိပြီး လယ်မြေမရှိဘဲ၊ တောင်ယာမြေများသာရှိပြီး စိုက်ပျိုးနိုင်သော မြေဧကမှာ (၄၉)ဧက၊ ဥယျာဉ်ခြံမြေ (၀.၅)ဧကရှိပါသည်။ ကျေးရွာအနီးတွင် ကျောက်တောင်နှင့် ဖြုန်းတောင်များ ရှိပါသည်။

၃။ လူဦးရေဆိုင်ရာ အချက်အလက်များ

အားဟိုပါးကျေးရွာတွင် အိမ်ခြေ(၂၇)၊ လူဦးရေ (၁၈၆)ဦးရှိပြီး ကိုးကန့်လူမျိုးများ အများဆုံးနေထိုင်ကြပြီး၊ "ဝ"လူမျိုးများ အနည်းငယ်နေထိုင်ပါသည်။ တစ်အိမ်ထောင်လျှင် (၆.၈၉)ဦးရှိသည့်အတွက် မြန်မာနိုင်ငံ၏ စံနှုန်းဖြစ်သော တစ်အိမ်ထောင်လျှင် (၅)ဦးနှုန်းအထက်ရှိပါသည်။ ကျေးရွာတွင် နို့စို့ကလေး(၃)ဦး၊ (၁.၆ %)၊ သက်ကြီးရွယ်အို (၉)ဦး၊ (၄.၈၃ %)ရှိပါသည်။ အလုပ်လုပ်နိုင်သော လူဦးရေ(၁၂၂)ဦး၊ (၆၅.၅၉ %)ရှိသောကြောင့် အလုပ်လုပ်နိုင်သူ များပြားပါသည်။ (၅)နှစ်အောက်ကလေး အရွယ် (၁၅)ဦး၊ (၈.၁ %) ရှိပါသည်။ ထို့အပြင် အမျိုးသား ဦးရေသည် အမျိုးသမီး ဦးရေထက် (၂.၂ %) နည်းနေပါသည်။

၄။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

အားဟိုပါးကျေးရွာတွင် ဖွံ့ဖြိုးရေးဆောင်ရွက်မှုမှာ နည်းပါးပါသည်။ အစိုးရဌာနဆိုင်ရာရုံး အဖွဲ့များနှင့်အလှမ်းဝေးနေခြင်း၊ လမ်းပန်းဆက်သွယ်ရေး သွားလာရန် ခက်ခဲခြင်း၊ မြန်မာ့ဆက်သွယ်ရေးလိုင်းများ မရရှိခြင်းတို့ကြောင့် ဖွံ့ဖြိုးတိုးတက်မှု နှောင့်နှေးနေပါသည်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြစိမ်းရောင်ကျေးရွာစီမံကိန်း ချေးငွေချထားပါသည်။ ၎င်းချေးငွေများအား ကျေးရွာကော်မတီအဖွဲ့မှ အသင်းသားများကို စိုက်ပျိုးရေး၊ မွေးမြူရေး၊ အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းများအတွက်

ထုတ်ချေးပေးပါသည်။ မြစိမ်းရောင်အရင်းမပျောက်လည်ပတ်ရန်ပုံငွေမှ အတိုး(၁)ကျပ်၊ အရင်း/အတိုး ပြန်ဆပ်ကာလအား (၁)နှစ်သတ်မှတ်ထားပြီး ကျေးရွာကော်မတီတို့မှ တာဝန် ယူဆောင်ရွက်လျက်ရှိပါသည်။

၅။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(က) သီးနှံ စိုက်ပျိုးရေး

ကျေးရွာတွင် အဓိကအနေဖြင့် ပြောင်းသီးနှံ၊ တောင်ယာစပါး တို့ကိုသာ စိုက်ပျိုးကြပါသည်။ ပြောင်းသီးနှံကို ဝင်ငွေရလုပ်ကိုင်ကြပြီး မွေးမြူရေးအတွက် ကြက်၊ ဝက် များလည်း ကျွေးမွေးပါသည်။ တောင်ယာစပါးအား တစ်နှစ်စာ စားသုံးနိုင်ရေးအတွက်သာ စိုက်ပျိုးကြပါသည်။ စိုက်ပျိုးရေးအတွက် မိုးကိုသာ မှီခိုရသည့်အတွက် ရာသီဥတုမမှန်သည့် နှစ်များ၌ စိုက်ပျိုးလုပ်ကိုင်ရန် ခက်ခဲပါသည်။

(ခ) မွေးမြူရေးလုပ်ငန်း

ကျေးရွာတွင် ကြက်၊ ဝက်၊ ဘဲ၊ မြင်း များ မွေးမြူလျက်ရှိပါသည်။ ကြက် မွေးမြူရေးမှာ တစ်နိုင်တစ်ပိုင်အဖြင့်သာ မွေးမြူပြီး၊ တစ်ပိသာလျှင် (၁၅၀၀၀)ကျပ်ဖြင့် ရောင်းချပါသည်။ ဝက် မွေးမြူရေးမှာ အခြားသားစပ်ပေါက်များ မွေးမြူခြင်းနည်းပါးပြီး၊ ဒေသမျိုးများအား မွေးမြူခြင်း များပြားပါသည်။ ကျေးရွာမှ ဝက်ပေါက် (၈၀)ကျပ်သားအား နီးစပ်ရာ ပန်လုံမြို့ပေါ်ရှိ (၅)ရက် (၁)စျေးတွင် သွားရောက်ရောင်းချကြပါသည်။ မြင်းများကို သယ်ယူပို့ဆောင်ရေးအတွက်အသုံးပြုရန် သာမွေးမြူပါသည်။

(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

အားဟိုပါးကျေးရွာရှိ လူငယ်အများစုသည် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများအား စိတ်ဝင်စားမှု နည်းပါးကြပါသည်။ လူငယ်အများစုသည် ရှမ်းပြည်နယ်၊ အရှေ့ပိုင်း မိုင်းလားမြို့နှင့် "ဝ"အထူးဒေသများရှိ ပန်ဆန်းမြို့၊ အိမ်နီးချင်းနိုင်ငံ တရုတ်ပြည်ထဲရှိ မြို့များသို့ သွားရောက်၍ အလုပ်လုပ်ကိုင်လျက်ရှိပါသည်။ အလုပ်လုပ်၍ ရရှိသော ဝင်ငွေများအား လူကြုံနှင့်သာ လွဲပေးကြပြီး (၆)လသော်လည်းကောင်း၊ တရုတ်နှစ်သစ်ကူးချိန်သော်လည်းကောင်း မိမိကျေးရွာသို့ ပြန်လာတတ်ကြပါသည်။

(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ဟိုပန်မြို့ပေါ်၌ မြန်မာ့စီးပွားရေးဘဏ်(ငွေတိုက်ခွဲ)နှင့် သမဝါယမချေးငွေတို့ရှိသော်လည်း ချေးငွေများ ချေးယူခြင်း မရှိကြပါ။ ကျေးလက်ဦးစီးဌာနမှ အရင်းမပျောက်လည်ပတ်ရန်ပုံငွေ မြစိမ်းရောင် ကျေးရွာစီမံကိန်းရှိပြီး ကျေးရွာအဆင့် ကော်မတီဖွဲ့စည်းပေးထားပြီး သက်မှတ်ထားသော လုပ်ငန်းများအတွက် ချေးငွေများထုတ်ချေးပေးခြင်း ဆောင်ရွက်ပေးပါသည်။ အရင်းငွေကို (၁)နှစ်အတွင်း(ဆပ်)၊ အတိုးနှုန်းအား (၁)ကျပ်တိုးနှုန်းသက်မှတ်ပြီး၊ အတိုးဆပ်ကာလ (၆)လ (၁)ကြိမ် ပေးဆပ်နိုင်ရေး ဆောင်ရွက်ထားပါသည်။ မိတ်ဆွေများနှင့် ဆွေမျိုးများထံမှ ချေးယူပါက

(၃)ကျပ်မှ (၅)ကျပ်တိုးနှုန်း ပေး၍ ချေးငွေရယူ ရပါသည်။ ထို့ကြောင့် အတိုးနှုန်းသက်သာသော မြစိမ်းရောင်ကျေးရွာစီမံကိန်းမှ ထုတ်ချေးခြင်းသာ ပြုလုပ်ကြပါသည်။

၆။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(က) ကျေးလက် သယ်ယူပို့ဆောင်ရေး

အားဟိုပါးကျေးရွာသည် မြေသားလမ်းသာများသာ ရှိသည့်အတွက် နွေရာသီနှင့် ဆောင်းရာသီ (၂)ရာသီသာ သွားလာရေး လွယ်ကူအဆင်ပြေပါသည်။ မိုးရာသီတွင် လမ်းချော်ခြင်း၊ ရွံ့ပွတ်ထခြင်းများကြောင့် သွားရေး လာရေးခက်ခဲပါသည်။ ကျေးရွာသို့ သွားရာလမ်း တစ်နေရာသည် လမ်းပိုင်းမှာ အနည်းငယ်မတ်စောက်ပြီး ဖြုန်းတောင်မှ ဖြုန်းများ ပြုချတတ်ပြီး လမ်းပိတ်ခြင်းများ ဖြစ်တတ်ပါသည်။ ကျေးရွာတွင် သယ်ယူပို့ဆောင်ရေးယာဉ်အနေဖြင့် ဆိုင်ကယ်ကိုသာ အသုံးပြုမှုများပြားပြီး ကား ပိုင်ဆိုင်သည့် (၁)အိမ်ထောင်စုရှိပါသည်။

(ခ) ကျေးရွာ မီးလင်းရေး

အားဟိုပါးကျေးရွာသည် မဟာဓါတ်အားလိုင်းမရရှိဘဲ ကျေးလက်ဦးစီးဌာနမှ ဆောင်ရွက်သော တစ်အိမ်သုံးဆိုလာမီးများ ရရှိသုံးစွဲနေကြပါသည်။

(ဂ) သတင်းနှင့် ဆက်သွယ်ရေး

အားဟိုပါးကျေးရွာသည် မြန်မာ့ဆက်သွယ်ရေးဖုန်းလိုင်းများ မရရှိပါ။ တရုတ်ဖုန်းလိုင်းများသာအသုံးပြုလျှက်ရှိပါသည်။ တရုတ်ဖုန်းကဒ် (၁)ကဒ်ကို မြန်မာငွေ (၁၀၀၀၀)ကျပ်ဖြင့် ဝယ်ယူအသုံးပြုကြပါသည်။

၇။ ပညာရေး

အားဟိုပါးကျေးရွာတွင် အစိုးရကျောင်း မူလတန်းကျောင်းရှိပါသည်။ ကျောင်းသည် ကျေးရွာထိပ်တွင်ရှိပြီး ကျောင်းနေရွယ်ကလေးများ ကျောင်းတတ်ရောက်နေကြပါသည်။ ကျေးရွာသည် အစိုးရပညာရေးကို အားပေးတတ်ရောက်သူ နည်းပါးပြီး ကိုးကန့်စာပေကိုသာ ဦးစားပေး သင်ကြားကြပါသည်။ ကျေးရွာတွင် စာတတ်မြောက်မှုဦးရေမှာ အလွန်နည်းပါးပါသည်။ မူလတန်း အဆင့်ပြီးမြောက်သွားပါက ကျောင်းထွတ်၍ မိဘတို့ကို ကူညီလုပ်ဆောင်ခြင်းနှင့် အခြားဒေသများသို့ အလုပ်သွားရောက် လုပ်ကိုင်ကြသည်။ ကျောင်းသူ/သား အနည်းစုသာ ပန်လုံမြို့ရှိ အထက်တန်းကျောင်း(ခွဲ)သို့ သွားရောက်ပညာသင်ကြားကြသည်။

၈။ ကျန်းမာရေး

အားဟိုပါးကျေးရွာတွင် ကျေးလက်ဆေးပေးခန်းမရှိသည့်အတွက် ကျေးရွာနှင့်(၄/၀)မိုင်ခန့်အကွာရှိပန်လုံမြို့ တိုက်နယ်ဆေးရုံတွင် သွားရောက်ကူသလျှက်ရှိပါသည်။ မိခင်နှင့်ကလေး ကာကွယ်ဆေးများကို အုပ်စုအတွင်းရှိ ဆီပါကျိုင်းကျေးလက်ဆေးပေးခန်းမှ လာရောက်ထိုးနှံပေးပါသည်။ ကျေးရွာရှိ ရွာသူ/သားများ နာမကျန်းမှု ဖြစ်ပေါ်ပါက ပန်လုံမြို့နှင့် ဟိုပန်မြို့တို့၌ သွားရောက်ကူသကြပါသည်။

၉။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

နွေရာသီကာလ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရန် ဆောင်ရွက်ထားရှိပါသည်။ စိုက်ပျိုးရေး လုပ်ငန်းများတွင် ခါတုခါတ်မြေဩဇာနှင့် ပိုးသတ်ဆေးများ၊ ပေါင်းသတ်ဆေးများ အသုံးပြုကြသည့်အတွက် မြေဆီလွှာပျက်ဆီးမှု ရှိပါသည်။ မိမိတို့၏ နေအိမ်မှ ထွက်ရှိသော စွန့်ပစ်အမှိုက်များအား မီးရှို့ဖျက်စီးခြင်း၊ ကျေးရွာအပြင် နီးစပ်ရာတွင်စွန့်ပစ်ခြင်းများ ပြုလုပ်ကြပါသည်။

၁၀။ ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ

ကျေးရွာရှိ အမျိုးသမီးများသည် ကျေးရွာစီမံအုပ်ချုပ်မှု စနစ်တွင် ပါဝင်ခေါင်းဆောင်ရန် အားနည်းသည့် အတွက် ပါဝင်ဆောင်ရွက်ခြင်းမရှိပါ။ ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်ကြပါသည်။

၁၁။ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး

လူငယ်များအနားယူ အပန်းဖြေရန် နေရာမရှိပါ။ ကျေးရွာ၏ သာရေး၊ နာရေး လုပ်ငန်းများတွင် တတ်ကြွစွာ ပါဝင်လုပ်ဆောင်ကြပါသည်။ ပျော်ပွဲရွှင်ပွဲအနေဖြင့် တရုတ်နှစ်သစ်ကူးပွဲတော်နှင့် လမုန့်စားပွဲများရှိပါသည်။

၁၂။ ကျေးရွာတည်ငြိမ်ရေးနှင့် ဘေးကင်းလုံခြုံရေး

အားဟိုပါးကျေးရွာတွင်မှုခင်းများဖြစ်ပေါ်ပါက အားဟိုပါးမှ ဆယ်အိမ်မှူးသည် ဆီပါကျိုင်းကျေးရွာ အုပ်စုအုပ်ချုပ်ရေးမှူးထံ အပ်နှံပြီး အုပ်ချုပ်ရေးမှူးအဆုံးအဖြတ်ကိုခံယူပါသည်။ အုပ်ချုပ်ရေးမှူးမှ နီးစပ်ရာ ပန်လုံရဲကင်းသို့ ပို့ဆောင်ကာ အရေးယူဆောင်ရွက်မှုများရှိပါသည်။

၁၃။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ

စဉ်	စီမံချက် (Project)	ဦးစားပေး အဆင့်	၂၀၁၈	၂၀၁၉	၂၀၂၀	၂၀၂၁	၂၀၂၂
၁	လမ်းပြုပြင်ရေး ဆောင်ရွက်ရန်၊	၁	Â				
၂	ဆိုလာမီးရရှိရေး ဆောင်ရွက်ရန်၊	၂		Â			
၃	ကျောင်းသုံးပရိဘောဂ(စာသင်ဆောင်သစ်၊ အိမ်သာ)ရရှိရေးဆောင်ရွက်ရန်၊	၃		Â			
၄	ရေစုကန်နှင့် ရေရရှိရေးဆောင်ရွက်ရန်၊	၄		Â			
၅	မူးယစ်ဆေးဝါးတိုက်ဖျက်ရေးဆောင်ရွက်ရန်၊	၅	Â	Â	Â	Â	Â

အပိုင်း (ခ)

စီမံချက်ဆိုင်ရာ အချက်အလက်များ

နောက်ဆက်တွဲ (၃)

စီမံချက်အဆိုပြုလွှာ(သို့) စီမံချက်အကြောင်းအရာ (Project Profile)

ကျေးရွာ	- အားဟိုပါး
ကျေးရွာအုပ်စု	- ဆီပါကျိုင်း
မြို့နယ်	- ဟိုပန်မြို့နယ်
တိုင်းဒေသကြီး / ပြည်နယ်	- ရှမ်းပြည်နယ်မြောက်ပိုင်း
စီမံချက်အမည် - **ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်း**	
စီမံချက်ဆောင်ရွက်ရန်လိုအပ်ကြောင်းရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ ကျေးရွာသည် တောင်ပေါ်ရွာလေးဖြစ်ပြီး မိုးတွင်းနှင့် မိုးများသည့် အချိန်များတွင် ကျေးရွာတွင်း တစ်နေရာမှ တစ်နေရာသို့ သွားလာရာတွင် လမ်းပေါ် ရေအိုင်ခြင်း၊ ပွတ်ထခြင်း၊လမ်းချော်ခြင်း ဖြစ်ပေါ်ကာ သက်ကြီးရွယ်အိုများ၊ ကလေးသူငယ်များနှင့် ညသန်ခေါင်ချိန်ကျန်းမာရေးကိစ္စများနှင့် သွားလာရာတွင် အခက်အခဲများဖြစ်ပေါ်နေပါသည်။	
စီမံချက်၏ရည်ရွယ်ချက်(လက်ရှိအခြေအနေအားပိုကောင်းအောင်ဆောင်ရွက်လိုသည့်ဆန္ဒဖော်ပြရန်) ကျေးရွာတွင်း တစ်နေရာမှ တစ်နေရာသို့ သွားလာရာလမ်း ခက်ခဲနေမှု သွားလာရေးလွယ်ကူ အဆင်ပြေသွားစေရန် ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်လိုပါသည်။	
မျှော်မှန်းအကျိုးရလာဒ်(လက်ငင်းရည်ရွယ်ချက်ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူးများ) ကျေးရွာတွင် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးသွားမည်ဆိုပါက ကျေးရွာသူ/သားများ တစ်နေရာမှ တစ်နေရာသို့ သွားလာရာတွင် အဆင်ပြေသွားစေမည်။	
စီမံချက်ဆိုင်ရာအချက်အလက်ဖော်ပြခြင်း(ဘာလုပ်မည်၊ဘယ်လောက်ပမာဏလုပ်ရမည်) ကျေးရွာတွင်း ကွန်ကရစ်ခင်းခြင်း၊ (၇၀၀' × ၁၂' × ၆")	
ကုန်ကျစရိတ်ထည့်ဝင်မှု	
ခန့်မှန်းကုန်ကျစရိတ် (ကျပ်)	ထည့်ဝင်မည့်အစီအစဉ်
• ၁၀.၀၀(ငွေသား) • ၀.၅၆(ငွေသား) • xxxxxxxxxx (ပစ္စည်း/လုပ်အား) •	• ကျေးလက်ဦးစီး • ကျေးရွာ • ကျေးရွာ •

အကျိုးခံစားသူဦးရေ	လူဦးရေ			ဆင်းရဲချမ်းသာမှုအဆင့်အတန်း (အိမ်ခြေ)				
	ကျား	မ	ပေါင်း	၁	၂	၃	၄	ပေါင်း
ကျေးရွာအဆင့်	၉၁	၉၅	၁၈၆	၁	၁၅	၁၁	-	၂၇
အကျိုးခံစားမည့် ဦးရေ	၉၁	၉၅	၁၈၆	၁	၁၅	၁၁	-	၂၇
မှတ်ချက်။ ချောင်လည်အဆင့် –၁၊ အလယ်အလတ်အဆင့် – ၂၊ ဆင်းရဲ – ၃၊ အလွန်ဆင်းရဲ – ၄								

စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

(၁) တာဝန်ယူအကောင်ထည်ဖော်မည့်အဖွဲ့အစည်း (များ) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ၊ ကျေးရွာသူ/သားများ
(၂) စီမံချက်စတင်မည့် အချိန် ခန့်မှန်း - ၂၄.၂.၂၀၁၉
(၃) စီမံချက်ပြီးစီးမည့်အချိန် - ၇.၅.၂၀၁၉
(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင်ဆောင်ရွက်မည့်အစီအစဉ် ကျေးရွာသူများ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်း (ကွန်ကရစ်ခင်းခြင်း)တွင် လုပ်အား/ငွေအား ပါဝင်လာ စေရန် ရပ်မိ/ရပ်ဖ၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များမှ တိုက်တွန်းရှိုးဆော်သွားမည်။
(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာအစီအစဉ်များ ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ဦးဆောင်၍ ရပ်မိ/ရပ်ဖအဖွဲ့ဝင်များ ပါဝင်ခြင်းဖြင့် ကျေးရွာတွင်း ကွန်ကရစ်ခြင်းခြင်း၊ ပြီးစီးသွားသောလုပ်ငန်းပြင်ဆင် ထိန်းသိမ်းခြင်းအား ကျေးရွာသူ/သားများ စုပေါင်း ပြုပြင်ဆောင်ရွက်သွားမည်။

နောက်ဆက်တွဲ (၁)

အားဟိုပါး ကျေးရွာ ၊ ဆီပါကျိုင်း ကျေးရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁။	ဦးချိန်လောက်စစ်	ဦးရှောက်ကျုံး		၅၇	ဥက္ကဋ္ဌ	
၂။	ဦးကွမ်းဖါ	ဦးကျင်ရွင်း	၁၃/ဟပတ(နိုင်) ဝ၁ဝ၈၁၆	၅၄	အတွင်းရေးမှူး	
၃။	ဦးချုံရှန်း	ဦးလော်စန်း	၁၃/ဟပတ(နိုင်) ဝ၁၄၄၅၄	၃၃	စာရင်းကိုင်	
၄။	ဦးဟုမ်ချောင်	ဦးထိုင်ချန်	၁၃/ဟပတ(နိုင်) ဝ၁၄၃ဝ၁	၄၅	ဘဏ္ဍာရေးမှူး	
၅။	ဦးကွမ်းရွှေ	ဦးလောက်လင်	၁၃/ဟပတ(နိုင်) ဝ၇၉၂၁၅	၄၃	သေ့ကိုင်(၁)	
၆။	ဦးဝီဖါ	ဦးရန်စူး		၃ဝ	သေ့ကိုင်(၂)	
၇။	ဦးမျိုးဌေး	ဦးစွမ်းကျူး	၁၃/ဟပတ(နိုင်) ဝ၁၄၃၃၂	၄၆	အဖွဲ့ဝင်	

နောက်ဆက်တွဲ(၂)

ဆီပါကျိုင်း ကျေးရွာအုပ်စု၊ အားဟိုပါး ကျေးရွာ

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၀	၃	၃
၁ နှစ်မှ ၄ နှစ်	၅ နှစ်အောက်ကလေးငယ်	၁၀	၅	၁၅
၅ နှစ်မှ ၉ နှစ်	မူလတန်းကျောင်းသားအရွယ်	၉	၈	၁၇
၁၀ နှစ်မှ ၁၄ နှစ်	အလယ်တန်းကျောင်းသားအရွယ်	၁၁	၉	၂၀
၁၅ နှစ်မှ ၆၄ နှစ်	အလုပ်လုပ်နိုင်သည့်အရွယ်	၅၅	၆၇	၁၂၂
၆၅ နှစ် နှင့် အထက်	သက်ကြီးရွယ်ကြီး	၆	၃	၉
စုစုပေါင်း		၉၁	၉၅	၁၈၆
စုစုပေါင်း အိမ်ထောင်စု				၂၇

ရင်းမြစ် ... (၁) **အိမ်ထောင်စုစာရင်း ကောက်ယူမှု၊** (၂) **ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် အိမ်ခြေ(၂၇)၊ လူဦးရေပေါင်း(၁၈၆)ဦးရှိပြီး ကိုးကန့်လူမျိုးများ အများဆုံးနေထိုင်ကြပါသည်။ တစ်အိမ်ထောင်လျှင် ပျမ်းမျှ ၆.၈ ဦးရှိသောကြောင့် မြန်မာနိုင်ငံ၏ စံနှုန်းဖြစ်သော တစ်အိမ်ထောင် ၅ ယောက်နှုန်းထက် များပြားနေပါသည်။ ကျေးရွာတွင် နို့စို့အရွယ် ကလေးငယ် စုစုပေါင်း ၃ ဦး၊ ၁.၆% နှင့် သက်ကြီးရွယ်အို (၉)ဦး၊ ၄.၈%ရှိသောကြောင့် မွေးဖွါးနှုန်းနှင့် သက်ကြီးရွယ်အိုနှုန်းနှိုင်းယှဉ်လျှင် သက်ကြီးရွယ်အိုနှုန်းသည် ၃ဆနီးပါးမြင့်မားခြင်းကြောင့် လူဦးရေတိုးပွားမှုနှုန်း နည်းပါးပါသည်။ အလုပ်လုပ်နိုင်သော လူဦးရေသည် ကျေးရွာလူဦးရေ၏ (၁၂၂)ဦး၊ ၆၅.၆%ရှိသည့်အတွက် အလုပ်လုပ်နိုင်သောသူများပြားပါသည်။

(ခ) အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၁	**လယ်ယာစိုက်ပျိုးရေး**				
	ကိုယ်ပိုင် လုပ်ငန်း:	၂၇	၆၈	၀	မြင့် ☐ လတ် ☐ နိမ့် ☑
	အလုပ်သမား / ဝန်ထမ်း:	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၂	**တိရစ္ဆာန် မွေးမြူရေး**				
	ကိုယ်ပိုင် လုပ်ငန်း:	၀	၀	၁၈	မြင့် ☐ လတ် ☑ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း:	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)**				
	ကိုယ်ပိုင် လုပ်ငန်း:	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း:	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၄	သစ်တောလုပ်ငန်း:				
	ကိုယ်ပိုင် လုပ်ငန်း:	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း:	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**				
	ကိုယ်ပိုင် လုပ်ငန်း:	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း:	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၆	**ထုတ်ကုန်လုပ်ငန်း:**				
	ကိုယ်ပိုင် လုပ်ငန်း:	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၁၁	**လက်လီ- လက်ကား ရောင်းဝယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၁	မြင့် ☐ လတ် ☑ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**				

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၁၇	**ပညာရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၁၈	**ကျန်းမာရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၁၉	**လူမှုရေး လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၂၀	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	☒
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား	၀	၀	၁၇	
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	စုစုပေါင်း	၂၇	၆၈	၃၅	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာရှိ အိမ်ထောင်စု၁၀၀%သည် စိုက်ပျိုးရေးကိုသာ အဓိကထား လုပ်ကိုင်ကြသည်။ အချို့မိသားစုများသည် မိမိတို့တောင်ယာပြီးချိန်တွင် အခြားတောင်ယာများတွင် နေ့စားဆင်းကြပါသည်။

(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၈၀၀၀	၈၀၀၀	၈၀၀၀	၈၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား	၀	၀	၀	၀
၃	ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း)	နေ့စား	၀	၀	၀	၀
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ	နေ့စား	၀	၀	၀	၀

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
	ထုတ်လုပ်ခြင်း					
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား	၀	၀	၀	၀
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၀	၀	၀	၀
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်း များ ပြင်ဆင်ရေး	နေ့စား	၀	၀	၀	၀
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား	၀	၀	၀	၀
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်)	နေ့စား	၀	၀	၀	၀
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း	နေ့စား	၀	၀	၀	၀

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် လုပ်အားခတွက်ချက်ပေးချေရာတွင် ကျား၊မတူညီစွာ သတ်မှတ် လုပ်ကိုင်ကြပါသည်။ တစ်ရက်လုပ်အားခမှာယခုလက်ရှိကျပ်(၈၀၀၀) ပေးချေလုပ်ကိုင်ကြပါသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဧယား (၄) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်)		
လယ်မြေ	၀.၀၀	ကောင်း ☐	သင့် ☐	ညံ့ ☐
ယာမြေ / တောင်ယာမြေ	၄၉.၀၀	ကောင်း ☐	သင့် ☑	ညံ့ ☐
ဥယျာဉ်ခြံမြေ	၀.၅၀	ကောင်း ☐	သင့် ☑	ညံ့ ☐
ကိုင်း / ကျွန်းမြေ	၀.၀၀	ကောင်း ☐	သင့် ☐	ညံ့ ☐
ခနိတောမြေ	၀.၀၀	ကောင်း ☐	သင့် ☐	ညံ့ ☐

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်)
စားကျက်မြေ	၀.၀၀	ကောင်း ☐ သင့် ☐ ညံ့ ☐
မြေလွတ် မြေလပ်	၀.၀၀	ကောင်း ☐ သင့် ☐ ညံ့ ☐
စုစုပေါင်း	၄၉.၅	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာရှိစိုက်ပျိုးမြေပိုင်ဆိုင်ရာတွင် တောင်ကုန်း၊ တောင်စောင်းပေါများခြင်းနှင့် ကျောက်တုန်းများ ရှိသောကြောင့် စိုက်ပျိုးရေးဆောင်ရွက်ရာတွင် အခက်အခဲရှိပါသည်။

(၈-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။)	များ ☐ သင့် ☐ နည်း ☐ မရှိ ☐	လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☐
ကျောက်၊ သဲ၊ ကျောက်စရစ် စသည်များ	များ ☐ သင့် ☑ နည်း ☐ မရှိ ☐	လွယ် ☑ ခက် ☐ အသုံးမပြုနိုင်ပါ ☐
သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ ☐ သင့် ☐ နည်း ☐ မရှိ ☐	လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☐
သဘာဝ တိရစ္ဆာန်မျိုးစိတ်များ	များ ☐ သင့် ☐ နည်း ☐ မရှိ ☐	☒

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ အားဟိုပါးကျေးရွာတွင် ကျောက်တောင်နှင့် ဖြုန်းတောင်များ ရွာအနီး ဝန်းကျင်တွင်ရှိပြီး ရွာသူရွာသားများ အသုံးပြုနိုင်ပါသည်။

(ဃ) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	အလွန်နည်း (သို့) မရှိ
အိမ်အခြေအနေ	အလွန်ကောင်း	အသင့်အတင့် ကောင်း	ညံ့	အလွန်ညံ့
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	မရှိ
အဓိကစီးပွားရေး လုပ်ငန်း	စီးပွား (ဝင်ငွေ) အလွန်ကောင်း	စီးပွား (ဝင်ငွေ) အသင့်အတင့်	စီးပွား (ဝင်ငွေ) နည်း	စီးပွား (ဝင်ငွေ) အလွန်နည်း
အိမ်ထောင်စု	၁	၁၅	၁၁	၀

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာအတွင်း ဥစ္စာဓနအဆင့်ခွဲခြားရာတွင် လယ်ယာမြေရှိခြင်း၊ တိုက်အိမ်၊ ကား၊ ဆိုင်ကယ်၊ မွေးမြူရေးပုံမှန်ဆောင်ရွက်နိုင်သည့်မိသားစုအား အဆင်ပြေသော အိမ်ထောင်စု အဖြစ်သတ်မှတ်ကြပါသည်။ တောင်ယာရှိပြီး၊ ဆိုင်ကယ်၊ သစ်သားအိမ်ဖြင့်နေနိုင်သော မိသားစုအား အလယ်အလတ်ရှိသော အိမ်ထောင်စုအဖြစ်သတ်မှတ်ကြပါသည်။ မပြေလည်သော အိမ်ထောင်စုများကို သတ်မှတ်ရာတွင် တောင်ယာအနည်းငယ်ရှိပြီး သွပ်မိုးအိမ်၊ ဆိုင်ကယ်နှင့် မွေးမြူရေး တစ်ပိုင်တစ်နိုင် လုပ်ကိုင်ကြပါသည်။

(c) ထိခိုက်လွယ်မှု

(c-၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာ ဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စု အရေ အတွက်	ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
၃ လအောက် ဝမ်းစာဖူလုံမှု	၀	အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀ ချေးယူ = ၀ လုပ်အားခကြိုယူ = ၀
၃ လနှင့် ၆ လကြား	၀	အခြားအစာပြောင်းလဲစား = ၀

အချိန်ကာလ	အိမ်ထောင်စု အရေ အတွက်	ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
ဝမ်းစာဖူလုံမှု		အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀ ချေးယူ = ၀ လုပ်အားခကြိုယူ = ၀
၆ လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု	၀	အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀ ချေးယူ = ၀ လုပ်အားခကြိုယူ = ၀

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။

(၄-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက်	၀	၀	၀
မိသားစု/ရပ်ရွာ၏ စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်	၀	၀	၀
	အိမ်ထောင်စု အရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု			၀
ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု			၀
အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု			၀

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။

(၄-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား(အခြေအနေ)	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၁	စားနပ်ရိက္ခာ မဖူလုံမှု	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၂	သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ)	မြင့် ☐ လတ် ☑ နိမ့် ☐ မရှိ ☐
၃	ရေကြီးခြင်း	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၄	မိုးခေါင်ခြင်း	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၅	အအေးလွန်ကဲခြင်း	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၆	မုန်တိုင်း	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၇	ငလျင်	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၈	မီးဘေး	မြင့် ☐ လတ် ☑ နိမ့် ☐ မရှိ ☐
၉	ဆားငန်ရေဝင်မြေ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၀	မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု	မြင့် ☑ လတ် ☐ နိမ့် ☐ မရှိ ☐
၁၁	သစ်တောပြုန်းတီးခြင်း	မြင့် ☑ လတ် ☐ နိမ့် ☐ မရှိ ☐
၁၂	ငှက်ဖျားရောဂါ	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၁၃	တီဘီရောဂါ	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၅	ပြည်တွင်း ပဋိပက္ခ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၇	လူကုန်ကူးခြင်း	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၈	ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည်	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ။ ထိခိုက်သက်ရောက်လွယ်မှုဆိုရာ၌ ကျေးရွာတွင် စားနပ်ရိက္ခာမဖူလုံခြင်း၊ ရေကြီးခြင်း၊ မိုးခေါင်ခြင်းစသည့်အခြေအနေများ ဖြစ်ပေါ်ခြင်းရှိပါက ယင်းဖြစ်စဉ်များအတွက် ကျေးရွာသူရွာသားများ ထိခိုက်သက်ရောက်မှု ရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက ကျေးရွာ၏ မည်သို့သော အိမ်ထောင်စုများနှင့် အိမ်ထောင်စုမည်မျှ ထိခိုက်သက်ရောက်မှု ခံစားကြရပါသလဲ။ (ဥပမာ။ ။

အိမ်ထောင်စု ၁၀၀ တွင် ၂၅ အိမ်ထောင်စု အောက် - နိမ့်

အိမ်ထောင်စု ၁၀၀ တွင် ၂၅ မှ ၅၀ အိမ်ထောင်စု - လတ်

အိမ်ထောင်စု ၁၀၀ တွင် ၅၀ အိမ်ထောင်စု အထက် - မြင့်)

လေ့လာတွေ့ရှိချက်။ ။ တစ်ခါတစ်ရံတွင် တောမီးလောင်ကျွမ်းခြင်းကြောင့် တောင်ယာခင်းများ ပျက်ဆီးမှုများရှိပါသည်။ မိုးများလျှင် ပန်လုံမြို့နှင့်ဆက်သွယ်ထားသော ဖြုန်းတောင်ပြုမှုများဖြစ်ပေါ်ပြီး သွားလားရေးအခက်အခဲကြုံတွေ့ရပါသည်။

(၄-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၁	လူငယ်	မြင့် ☑ လတ် ☐ နိမ့် ☐ မရှိ ☐
၂	အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု	မြင့် ☑ လတ် ☐ နိမ့် ☐ မရှိ ☐
၃	မြေယာမဲ့၊ ဆင်းရဲသားတောင်သူ	မြင့် ☑ လတ် ☐ နိမ့် ☐ မရှိ ☐
၄	သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ	မြင့် ☑ လတ် ☐ နိမ့် ☐ မရှိ ☐
၅	မြစ်ကမ်းဘေး နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၆	မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP)	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၈	မြေနိမ့်ပိုင်း နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၉	ငါးကန်ပိုင်ရှင်များ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၀	လက်လုပ်လက်စားများ၊ ကျပန်းများ	မြင့် ☑ လတ် ☐ နိမ့် ☐ မရှိ ☐
၁၁	လူနည်းစုလူမျိုးများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၂	ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၃	နယ်စပ်ဒေသတွင် နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၄	ရွှေတွင်းလုပ်သားများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၅	ဆေးစွဲသူများ	မြင့် ☑ လတ် ☐ နိမ့် ☐ မရှိ ☐
၁၆	ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ	မြင့် ☑ လတ် ☐ နိမ့် ☐ မရှိ ☐
၁၇	လှည့်လည်သွားလာ၍ ဈေးရောင်းသူများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၁၈	နေရပ်ပြန် အခြေချသူများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၉	ရွှေပြောင်းလုပ်သားများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၂၀	ကားမောင်းပြီး အသက်မွေးသူများ	မြင့် ☐ လတ် ☑ နိမ့် ☐ မရှိ ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ။ ကျေးရွာရှိ လူငယ်များ၊ အမျိုးသမီးဦးဆောင်သောအိမ်ထောင်စုများ စသည်တို့သည် မည်သို့သောအခြေအနေများတွင် လွယ်လွယ်ကူကူ ထိခိုက်သက်ရောက်မှု ရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက မည်မျှအထိ ထိခိုက်ကြပါသနည်း။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် လူငယ်များ မူးယစ်ဆေးဝါးသုံးစွဲခြင်းကြောင့် ယာဉ်မတော်တဆမှုများ၊ ကူးစက်ရောဂါဖြစ်မှုများ ကြုံတွေ့ကြရသည်။ ဆင်းရဲသားတောင်သူများ၊ အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုများသည် စိုက်ပျိုးမြေနည်းပါးခြင်း၊ တခါတရံ မိုးခေါင်ခြင်းများကြောင့် သီးနှံအထွက်နည်းကြသည့်အတွက် မိသားစုရပ်တည်ရန် ခက်ခဲကြသည်။

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
၁	ရပ်မိရပ်ဖ	၁ ☐ ၂ ☑ ၃ ☐	၅	၀	၅	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☑ ညံ့ ☐
၂	မြစိမ်းရောင်	၁ ☐ ၂ ☐ ၃ ☑	၄	၃	၇	ပညာရေး ☐ ငွေကြေး ☑ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး	ကောင်း ☐ သင့် ☑ ညံ့ ☐

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခုကို သာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
						☐လုံခြုံရေးနှင့် ကာကွယ်ရေး ☐	
၃		၁ ☐ ၂ ☐ ၃ ☐				ပညာရေး ☐ ဌေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ ☐လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☐ ညံ့ ☐
၄		၁ ☐ ၂ ☐ ၃ ☐				ပညာရေး ☐ ဌေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ ☐လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☐ ညံ့ ☐
၅		၁ ☐ ၂ ☐ ၃ ☐				ပညာရေး ☐ ဌေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ ☐လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☐ ညံ့ ☐
၆		၁ ☐ ၂ ☐ ၃ ☐				ပညာရေး ☐ ဌေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☐ ညံ့ ☐
၇		၁ ☐ ၂ ☐				ပညာရေး ☐ ဌေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး	ကောင်း ☐ သင့် ☐

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခုကို သာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခု ကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
		၃ ☐				☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ညံ့ ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် - သာရေး/ နာရေးများ ဖြစ်ပေါ်ပါက တစ်အိမ်တစ်ယောက်သွားရောက် ဝိုင်းဝန်းကူညီကျင်းပကြ ပါသည်။

(က-၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်း အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
၁		၁ ☐ ၂ ☐ ၃ ☐ ၄ ☐ ၅ ☐ ၆ ☐ ၇ ☐	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၂		၁ ☐ ၂ ☐ ၃ ☐ ၄ ☐ ၅ ☐ ၆ ☐ ၇ ☐	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၃		၁ ☐ ၂ ☐ ၃ ☐ ၄ ☐ ၅ ☐ ၆ ☐ ၇ ☐	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၄		၁ ☐ ၂ ☐ ၃ ☐ ၄ ☐ ၅ ☐ ၆ ☐ ၇ ☐	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး

စဉ်	အမည်	အဖွဲ့အစည်း အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
			☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၅		၁ ☐ ၂ ☐ ၃ ☐ ၄ ☐ ၅ ☐ ၆ ☐ ၇ ☐	ပညာရေး ☐ ဌေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၆		၁ ☐ ၂ ☐ ၃ ☐ ၄ ☐ ၅ ☐ ၆ ☐ ၇ ☐	ပညာရေး ☐ ဌေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ – ဓမ္မစကူးလ် ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ – Care International, Save the Children, Gret, Pact Myanmar စသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ ရန်ပုံငွေဖြင့်ဆောင်ရွက်သော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ ရန်ပုံငွေဖြင့် ဖွဲ့စည်းထားသော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid, စသည်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

လေ့လာတွေ့ရှိချက်။ ။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ခ-၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စု အရေအတွက်	ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက်
၁	မြေယာမဲ့	၀	မြေမဲ့ယာမဲ့
၂	၂.၅ ဧကအောက်	၂၃	ဆင်းရဲသားတောင်သူ

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စု အရေအတွက်	ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက်
၃	၂.၅ ဧကမှ ၅ ဧကကြား	၄	တောင်သူငယ်
၄	၅ ဧကမှ ၁၂.၅ ဧကကြား	၀	တောင်သူလတ်
၅	၁၂.၅ ဧက အထက်	၀	တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စုစုပေါင်း		၂၇	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင်တစ်အိမ်ထောင်စုချင်းစီ စိုက်ပျိုးမြေပိုင်ဆိုင်မှုအများအပြားမရှိပါ။ တချို့အိမ်ထောင်စု၏မြေယာများမှာအထူးဒေသ(၂)ထဲတွင်ပါသွားသောကြောင့် စိုက်ပျိုးရေးလုပ်ကိုင်ရန် အဆင်မပြေသဖြင့် သွားရောက်လုပ်ကိုင်ကျခြင်းမရှိတော့ပါ။

(၂) အစိုးရနှင့် ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ

ဧယား (၁၄) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ

စဉ်	အရင်းအမြစ်	ရေသောက် (ဧက)	ရေရရှိနိုင်မှု	
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက် (မှန်ရာ တစ်ခုကိုသာ ရွေးရန်)	**လုံလောက်မှု (ရှိ/မရှိ)** (မှန်ရာတစ်ခုကိုသာရွေးရန်)
၁	ဆည်	၀.၀၀	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☑	ရှိ ☐ မရှိ ☐ မဖြေဆိုပါ☑
၂	ရေလွှဲဆည်	၀.၀၀	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☑	ရှိ ☐ မရှိ ☐ မဖြေဆိုပါ☑
၃	မြစ်ရေတင်စီမံကိန်း	၀.၀၀	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☑	ရှိ ☐ မရှိ ☐ မဖြေဆိုပါ☑
၄	ရေသွင်းမြောင်း	၀.၀၀	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐	ရှိ ☐ မရှိ ☐

စဉ်	အရင်းအမြစ်	ရေသောက် (စက)	ရေရရှိနိုင်မှု	
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက် (မှန်ရာ တစ်ခုကိုသာ ရွေးရန်)	**လုံလောက်မှု (ရှိ/မရှိ)** (မှန်ရာတစ်ခုကိုသာရွေးရန်)
			မဖြေဆိုပါ ☑	မဖြေဆိုပါ☑
၅	အဝီစိတွင်း	၀.၀၀	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☑	ရှိ ☐ မရှိ ☐ မဖြေဆိုပါ☑
၆	လက်ငင်းရေတွင်း	၀.၀၀	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☑	ရှိ ☐ မရှိ ☐ မဖြေဆိုပါ☑
၇	စိမ့်စမ်းရေ	၀.၀၀	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☑	ရှိ ☐ မရှိ ☐ မဖြေဆိုပါ☑
၈	ချောင်းရေ	၀.၀၀	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☑	ရှိ ☐ မရှိ ☐ မဖြေဆိုပါ☑

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ မိုးရေကိုသာ အားထားပြီးစိုက်ပျိုးကြပါသည်။

(၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

သီးနှံ	စုစုပေါင်း စိုက်စက	တစ်စက အထွက်နှုန်း				သီးနှံ စိုက်ပျိုးသည့် ကာလ		သွင်းအားစု လိုအပ်ချက် (မှန်ရာတစ်ခုကို သာ ရွေးရန်)	အမြတ် ရရှိနိုင်မှု (မှန်ရာတစ်ခုကို သာ ရွေးရန်)
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	မှ	ထိ		
ပြောင်း	၀	တင်း	၄၀	၈၀	၆၀	မေ	ဩဂုတ်	မြင့် ☑ လတ်	မြင့် ☐ လတ်

သီးနှံ	စုစုပေါင်း စိုက်ဧက	တစ်ဧက အထွက်နှုန်း				သီးနှံ စိုက်ပျိုးသည့် ကာလ		သွင်းအားစု လိုအပ်ချက် (မှန်ရာတစ်ခုကို သာ ရွေးရန်)	အမြတ် ရရှိနိုင်မှု (မှန်ရာတစ်ခုကို သာ ရွေးရန်)
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	မှ	ထိ		
								☐ နိမ့် ☐	☑ နိမ့် ☐
								မြင့် ☐ လတ် ☐ နိမ့် ☐	မြင့် ☐ လတ် ☐ နိမ့် ☐
								မြင့် ☐ လတ် ☐ နိမ့် ☐	မြင့် ☐ လတ် ☐ နိမ့် ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင်ပြောင်းသီးနှံ တစ်ပုံးလျှင် (၃၀၀၀)ကျပ်ရရှိပါသည်။ ပွဲစားရောက်ဝယ်သူများ တစ်ခါတရံရွာအရောက်လာဝယ်ပါသည်။

(၄) လယ်ယာသုံး စက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

စက်အမျိုးအစား	တစ်ဦးချင်း ပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ငှားရမ်းလုပ်ကိုင်နေသော တောင်သူအရေအတွက်
ထွန်စက်	၀	၀	၀	၀
လက်တွန်းထွန်စက်	၀	၀	၀	၀
အစေ့ချ ကိရိယာ	၀	၀	၀	၀
ရိတ်သိမ်းခြွေလှေ့စက်	၀	၀	၀	၀
ရိတ်သိမ်းစက်	၀	၀	၀	၀
ခြွေလှေ့စက်	၀	၀	၀	၀
ရေစုပ်စက်	၀	၀	၀	၀
ခြေနင်းရေတင်စက်	၀	၀	၀	၀
မြက်ရိတ်စက်	၀	၀	၀	၀

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာ၏ တောင်ယာအများစုတွင် တောင်စောင်း၊ တောင်ကုန်းများပေါများပြီး ကျောက်တောင်၊ ကျောက်တုံးများ ရှိသောကြောင့် စိုက်ပျိုးရေးသုံးစက်ကိရိယာများ အသုံးမပြုနိုင်ပါ။ ပေါက်တူး၊ ပေါက်ပြားများကိုသာ အသုံးပြုကြပါသည်။

(၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

အခွင့်အလမ်း	ဖော်ပြချက်/ရှင်းလင်းချက် (မှန်ရာတစ်ခုကိုသာ ရွေးရန်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကိုရွေးရန်။)
သဘာဝ ရေမြေရာသီဥတု အနေအထား	အလွန်ကောင်း ☐ ကောင်း ☑ သင့်တင့်မျှတ ☐ မဖြေဆိုပါ ☐
လယ်ယာမြေ အသုံးချနိုင်မှု	အလွန်ကောင်း ☐ ကောင်း ☐ သင့်တင့်မျှတ ☐ မဖြေဆိုပါ ☑
စိုက်ပျိုးရေ အရင်းအမြစ်	ပေါများ ☐ အသင့်အတင့်ရှိ ☑ မဖြေဆိုပါ ☐
ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှု	အလွယ်တကူရသည် ☐ ရသည် ☑ မဖြေဆိုပါ ☐
သီးနှံမျိုးစေ့ ရရှိနိုင်မှု	မျိုးကောင်းမျိုးသန့်များကိုလွယ်ကူစွာဝယ်ယူနိုင်သည် ☐ သီးနှံမျိုးစေ့များ ဝယ်ယူရရှိနိုင်သည် ☐ မဖြေဆိုပါ ☑
သဘာဝမြေဆွေး / အော်ဂဲနစ် မြေဩဇာနှင့် အခြား အော်ဂဲနစ် သွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☐ ဝယ်ယူရနိုင်သည်☐ မဖြေဆိုပါ ☑
ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့် အခြား ဓာတုဗေဒ သွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည် ☐ ဝယ်ယူရနိုင်သည် ☐ မဖြေဆိုပါ ☑
လုပ်သားရရှိနိုင်မှု	အလွယ်တကူ ရနိုင်သည် ☐ ရနိုင်သည် ☑ မဖြေဆိုပါ ☐
နည်းပညာ၊ အုပ်ချုပ်ရေး ပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ	အလွယ်တကူ ရနိုင်သည် ☐ ရနိုင်သည် ☐ မဖြေဆိုပါ ☑
သီးနှံဈေးကွက်နှင့် ကုန်သွယ်မှု	သီးနှံများကို လွယ်ကူစွာနှင့် ဈေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချနိုင်သည် ☐ သီးနှံများကို ရောင်းချနိုင်သည် ☐ မဖြေဆိုပါ ☑

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ် အစိုးရဦးစီး ဌာနများ။

လေ့လာတွေ့ရှိချက်။ ။ မိုးရေကို အမှီပြုပြီး ပြောင်းကို စိုက်ပျိုးကြသည်။ အိမ်တစ်အိမ်ထောင်ချင်း မြေပိုင်ဆိုင်မှု နည်းပါးခြင်းကြောင့် မိမိတို့ လုပ်အားဖြင့် လုပ်ကိုင်နိုင်ကြပါသည်။ လိုအပ်သော တချို့အိမ်ထောင်စုများသာ ကျေးရွာတွင်း ကျပန်းခေါ်ယူကြပါသည်။ ထွက်ရှိလာသောသီးနှံများကို ကျေးရွာသို့ လာရောက် ဝယ်ယူကြပါသည်။ ပွဲစားများ အပေါ် ဈေးနှုန်းမူတည်နေပါသည်။ အချို့က ပန်လုံဈေးတွင် သွားရောက် ရောင်းချကြပါသည်။

(၆) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ

ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ

ပြဿနာနှင့် အခက်အခဲများ	**ဖော်ပြချက်/ရှင်းလင်းချက်** **(<u>အနည်းဆုံးတစ်ခုနှင့် အထက်</u> ရွေးနိုင်သည်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကို ရွေးရန်။)**
သဘာဝ ရေမြေရာသီဥတု အနေအထား	မြေဆီဩဇာမကောင်း ☐ ရာသီဥတုမမှန် ☐ မဖြေဆိုပါ ☑
လယ်ယာမြေ အသုံးချနိုင်မှု	လယ်ယာမြေတိုးချဲ့နိုင်မှုမရှိပါ☐ လယ်ယာမြေဆုံးရှုံးမှုများသည် ☐ လယ်ယာမြေဆုံးရှုံးမှု အသင့်အတင့်ရှိသည် ☑ ပလပ်မြေများရှိသည် ☐ ပလပ်မြေအသင့်အတင့်ရှိသည် ☐ မဖြေဆိုပါ ☐
စိုက်ပျိုးရေ အရင်းအမြစ်	အလွယ်တကူမရနိုင် ☐ လုံဝမရ ☐ မဖြေဆိုပါ ☑
ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှု	အလွယ်တကူမရနိုင် ☐ လုံဝမရ ☐ မဖြေဆိုပါ ☑
သီးနှံမျိုးစေ့ ရရှိနိုင်မှု	အလွယ်တကူမရနိုင် ☐ လုံဝမရ ☐ မဖြေဆိုပါ ☑
သဘာဝမြေဆွေး / အော်ဂဲနစ် မြေဩဇာနှင့် အခြား အော်ဂဲနစ် သွင်းအားစုများ	အလွယ်တကူမရနိုင် ☑ လုံဝမရ ☐ မဖြေဆိုပါ ☐
ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့် အခြား ဓာတုဗေဒ သွင်းအားစုများ	အလွယ်တကူမရနိုင် ☐ လုံဝမရ ☐ မဖြေဆိုပါ ☑
လုပ်သားရရှိနိုင်မှု	အလွယ်တကူမရနိုင် ☐ လုံဝမရ ☐ မဖြေဆိုပါ ☑
နည်းပညာ၊ အုပ်ချုပ်ရေး ပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ	အလွယ်တကူမရနိုင် ☑ လုံဝမရ ☐ မဖြေဆိုပါ ☐
သီးနှံစျေးကွက်နှင့် ကုန်သွယ်မှု	သီးနှံများကို လွယ်ကူစွာနှင့် စျေးနှုန်းမှန်ကန်စွာဖြင့် မရောင်းချနိုင်ပါ ☑ သီးနှံများကိုရောင်းချရန်စျေးကွက်မရှိပါ ☐ မဖြေဆိုပါ ☐
ဖျက်ပိုးနှင့် ရောဂါကျရောက်မှု	ဆိုးရွားစွာကျ ☐ အသင့်အတင့်ကျ ☐ အနည်းငယ် ☑ မဖြေဆိုပါ ☐

ရင်းမြစ် (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ် အစိုးရဦးစီးဌာနများ။

